TAIZÉ

# Letter 2024

## အတူတကွ ခရီးသွားခြင်း

ပြီးခဲ့သော ၁၈ လအတွင်း ကျွန်ုပ်တို့၏ Taizé အဖွဲ့အစည်းသည် ယုံကြည်ခြင်း၏စွန့်စားမှုတစ်ခုကို လုပ်ဆောင်နေပါသည်။ "စုရုံးခြင်း" ဟုအမည်တွင်သော ဘုရား၏လူမျိုးတော်များကိုစုစည်းရန်အတွက် မိတ်ဘက်များဖြစ်သည့် လှုပ်ရှားမှုများ၊ အသိုင်းအဝိုင်းများနှင့် တခြားခရစ်ယာန်အသင်းတော် အဖွဲ့အစည်းများနှင့်အတူ ပြင်ဆင်ခဲ့ကြပါသည်။ Synod on Synodality in the Catholic Church အဖွင့်တွင် Brother Alois ဖော်ပြခဲ့သည့် "စုရုံးခြင်း" အတွက်ပြင်ဆင်ခြင်း က ကျွန်ုပ်တို့အား အခြားသူများအားနားထောင်ခြင်း၊ ညီအစ်ကိုအသင်းတော်များနှင့် လူ့အဖွဲ့အစည်းမှ စိတ်စေတနာ ကောင်း ရှိသူများထံရှိသည့်မတူညီသောလက်ဆောင်များကို ရှာဖွေရန် စိတ်အားထက်သန်လာစေသည်။

ရောမမြို့ စိန့်ပီတာရင်ပြင်တွင် ကျင်းပသည့် ခရစ်ယာန်အသင်းတော်ပေါင်းစုံဝတ်ပြုဆုတောင်းပွဲတွင် ရဟန်းမင်းကြီး ဖရန်းစစ် ၏ ဖိတ်ကြားမှုဖြင့် ခရစ်ယာန်အသင်းတော်အသီးသီးမှ ခေါင်းဆောင် ၂၀ ကျော် စုရုံးခဲ့ကြသည်။ ထိုနည်းတူ (၁၆)ကြိမ်မြောက် ကက်သလစ်အသင်းတော်မှဆရာတော်များ၏ ပုံမှန်တွေ့ဆုံပွဲတက်ရောက်လာကြသူများ နှင့် စနေတနင်္ဂနွေအားလပ်ရက်အစီအစဉ်မှ လူငယ် ၄၀၀၀ ပါဝင်သည့် ကမ္ဘာအနှံ့ရှိ အသက်အရွယ်စုံ လူ ၁၈၀၀၀ တို့လည်း ပါဝင်ရန် ရောမတိုက်နယ်များမှ ဖိတ်ကြားခဲ့ကြသည်။ တချိန်တည်းမှာပင် လူများသည် ကမ္ဘာတဝှမ်းရှိ နေရာပေါင်း ၂၂၂ တွင် ထိုဆုတောင်းပွဲ၌ ပါဝင်သည့်အနေဖြင့် အတူတွေ့ဆုံဆုတောင်းခဲ့ကြသည်။

ပြန်ကြည့်လိုက်လျှင် ထိုအတွေ့အကြုံကို ကျွန်ုပ်တို့ ဘယ်လိုနားလည်နိုင်မည်နည်း။ ၎င်းသည် ခရစ်ယာန်အချင်းချင်း အတူခရီးပြုမည့်အနာဂတ်ကို မည်သို့စတင်ပေးမည်နည်း။ "သင်တို့တွင် ဆရာတစ်ယောက်ရှိ၍ သင်တို့အားလုံးသည် ညီအကိုမောင်နှမများဖြစ်ကြသည်" ဟု သခင်ခရစ်တော်က မဿဲ ၂၃:၈ တွင် မိန့်ကြားခဲ့သည်။ အားလုံးသည် မစုံလင်သေးသော်လည်း စစ်မှန်သောစည်းလုံးညီညွတ်မှု၌ ပေါင်းစည်းထားသော ခရစ်ယာန်ညီအစ်ကိုမောင်နှမများပင် မဟုတ်ကြပေဘူးလား။ လူ့အဖွဲ့အစည်းများမှ အနှိမ့်ကျဆုံးသူများအပါအဝင် ကျွန်ုပ်တို့အား ခရီးသွားဖော်များအဖြစ် သူနှင့်အတူရှေ့ဆက်ရန်လမ်းဖွင့်ပေးသူသည် ခရစ်တော်ပင် မဟုတ်လား။

ဤခရီးအတွင်း ညှိနှိုင်းဆွေးနွေးမှုများတွင် ကျွန်ုပ်တို့တစ်ဦးကိုတစ်ဦးလိုအပ်သည်ဆိုသည်ကို သတိရစေချင်ပါသည်။ ၎င်းသည် ကျွန်ုပ်တို့၏ထင်မြင်ယူဆချက်များကို ပြဌာန်းရန်မဟုတ်ဘဲ လူသားမိသားစုတွင် ငြိမ်းချမ်းရေးအတွက် ပံ့ပိုးမှုတစ်ခုဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ကမ္ဘာမြေကြီး၏ ငိုညည်းသံနှင့် လူသားမိသားစုကိုကျိုးကြေစေသော ဆန့်ကျင်ဘက်များကိုရင်ဆိုင်ရန် တိုးလာနေသည့်တပေါင်းတစည်းတည်းရှိနေစိတ်အတွက် ကျေးဇူးတင်တတ်ခြင်း၌ လိုအပ်နေသော အရှိန်အဟုန်ကို ကျွန်ုပ်တို့ ရှာတွေ့နိုင်ပါသည်။ ဆုံတွေ့ပြီး အပြန်အလှန် နားထောင်ကြခြင်းဖြင့် ဘုရားသခင်၏လူများအဖြစ် အတူခရီးနှင်ကြပါစို့။

တစ်ပါးသူများအား နားထောင်ခြင်းပြန်လည်အသက်ဝင်လာခြင်းသည် ကျွန်ုပ်တို့အတွက် ဘာကိုဆိုလိုသနည်း။ ဖော်ထုတ်လာမည့်ကြောက်ရွံ့မှုကို ပလှပ်မည့်အစား ကျွန်ုပ်တို့နားလည်ပေးရန် အဆင်သင့်ဖြစ်ပြီလား။

ကျွန်ုပ်သည် ရောမမြို့မှ Taizé သို့ သွားရာလမ်းတွင် Taizé လူငယ်များ၏ ၄၆ ကြိမ်မြောက် ဥရောပအစည်းအဝေးကျင်းပရာနေရာဖြစ်သည့် စလိုဗေးနီးယားနိုင်ငံမြို့တော် Ljubljana တွင် နိုင်ငံတကာဆိုင်ရာ ပြင်ဆင်ရေးအဖွဲ့ မှ လူငယ်စေတနာ့ဝန်ထမ်းများ၊ Taizé မှ ကိုရင်များ၊ St Andrew မှ သီလရှင်များ နှင့် ဆလိုဗေးနီးယန်းမိတ်ဆွေများ နှင့်တွေ့ဆုံရန် ရပ်နားခဲ့သည်။ အတူတကွခရီးသွားခြင်း (Journeying Together) ဆောင်ပုဒ်နှင့်စပ်လျဉ်းသည့် အောက်ပါထောက်ရှုစဉ်းစားချက်သည် ထိုနေ့များရှိ စကားဝိုင်းများမှထွက်ပေါ်လာသည့် အသီးအပွင့်များဖြစ်သည်။

ကျွန်ုပ်၏ ညီအစ်အကိုများ၊ ဤသတင်းစကားကိုပြင်ဆင်ရာတွင် ဝေမျှခဲ့ကြသူများ နှင့် ဤခရီးတွင် အတူလိုက်ပါလာမည့်သူများအားလုံးကို ကျေးဇူးတင်လျှက် -
အားလုံးကို နှုတ်ခွန်းဆက်သလိုက်ပါသည်။

- ကိုရင် မာလော (Brother MaHlaw)

## နားထောင်ခြင်း

ဆွေးနွေးမှုတိုင်းတွင် နားထောင်ခြင်းသည် အသက်ဖြစ်သည်။ မောရှေသည် ဘုရားသခင်၏လူတို့အား၊ “ရှေမာဣသရေလ” – “အို ဣသရေလလူတို့၊ နားထောင်လော့” (တရားဟောရာ ၆:၄)။ ထို့နောက် ဤစကားသည် သူတို့၏နေ့စဉ်ဆုတောင်းခြင်း၏ အမည်နာမဖြစ်လာခဲ့သည်။ ရာစုနှစ်များစွာကြာပြီးနောက် Nursia မှ ရဟန္တာ စိန်ဘယ်နဒစ် ၏ အုပ်ချုပ်မှုအောက်တွင် “သေချာနားထောင်” (Listen carefully)စတင်ခဲ့သည်။

နားထောင်ခြင်းသည် မေတ္တာပြမှုတစ်ခုဖြစ်သည်။ နားထောင်ခြင်းသည် ယုံကြည်မှုရှိသော ဆက်ဆံရေးတစ်ခုတွင် အဓိကဖြစ်သည်။ နားထောင်ခြင်းမရှိလျှင် ကြီးထွားဖွံ့ဖြိုးမှုနည်းနိုင်သည်။ နားထောင်ခြင်းမရှိဘဲ မည်သည့်ဆက်ဆံရေးမှ အလုပ်မဖြစ်နိုင်ပေ။ တစ်ဖက်သား၏စကားကို ကိုယ်ကျိုးမဖက်ဘဲ နားထောင်ခြင်းသည် သူတို့အား နေရာပေးခြင်းဖြစ်သည်။ ထိုသို့ဖြင့် သူတို့အား ဖော်ပြလိုသည့်အရာများကို ဖော်ပြခွင့်ပေးခြင်းဖြစ်ပြီး တစ်ခါတစ်ရံ စကားလုံးဖြင့်မဖော်ပြသည်များ ကိုပင် ဖော်ပြစေနိုင်သည်။

နားထောင်ခြင်း၏ အဓိကသော့ချက်မှာ တိတ်ဆိတ်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာက ကျွန်ုပ်တို့ကို ဤဥပမာများစွာပေးထားသည်။ ဧလိယသည် လျှပ်စီးခြင်း၊ လေ နှင့် မီး တို့ထက် တိတ်ဆိတ်သော လေပြည်တွင် ဘုရားသခင်နှင့်တွေ့ဆုံသည်။ (၁ ဓမ္မရာဇဝင် ၁၉:၁၁-၁၃)။ မာသ ၏ ညီမ မေရီ သည် သခင်ယေရှု၏ခြေရင်း၌ထိုင်ပြီး သူ့ကိုနားထောင်သည် (လုကာ ၁၀:၃၉)။ “သင်သည် ကျွန်ုပ်၏နားကို ဖွင့်ပြီ (ဆာလံ ၄၀း၆)” ဟု ရှေးကျမ်းဆုတောင်းစာတစ်စောင်ကဆိုသည်။

ယနေ့ခေတ်တွင် ကျယ်လောင်စွာအော်သောသူသည် အောင်မြင်သည်ဟု မကြာခဏ ခံစားရလေ့ ရှိသည်။ အကြမ်းဖက်မှုများသည် ကျွန်ုပ်တို့မသိနိုင်သော နေရာများစွာတွင် တိုးပွားလာနေသဖြင့် ကျွန်ုပ်တို့မည်သည့်ဘက်ကို ဦးတည်ရမည်ပင် မသိနိုင်တော့ချေ။ သို့သော် ဘုရားသခင်သည် မည်သည့်အခါမျှ အကြမ်းဖက်မှုကို လိုလားသူမဟုတ်သကဲ့သို့ မည်သည့်အခါမျှ အကြမ်းဖက်မှုကို အားမပေးပါ။ “ထာဝရဘုရားမိန့်တော်မူမည့်အရာကို ငါ့အားကြားခွင့်ပေးပါ။ အကြောင်းမူကား ထာဝရ ဘုရားသည် ငြိမ်းချမ်းခြင်းကို မိမိလူတို့အား မိန့်တော်မူလိမ့်မည်။” (ဆာလံ ၈၅:၈)

တစ်ဖက်သားကိုနားထောင်ရန်ကြိုးစားခြင်းသည် နားလည်ဖို့ ရန်လမ်းစမဟုတ်ဘူးလား။ “နားထောင်သည့်နှလုံးသား” (၁ ဓမ္မရာဇဝင် ၃:၉ ) သည် မတရားမှုကို ရင်ဆိုင်ဖြေရှင်းရာတွင် ကျွန်ုပ်တို့အား ပျော့ပျောင်းစေခြင်း သို့မဟုတ် တားမြစ်ခြင်းမဟုတ်ဘဲ ရဲရင့်ပြီး တီထွင်ဖန်တီး

နိုင်စွမ်းသော ဆုံးဖြတ်ချက်များကို ချနိုင်စေသည်။ ထိုဆုံးဖြတ်ချက်များသည် ကျွန်ုပ်တို့မျှော်လင့်ထားသည်ထက် ဘုရားသခင်နှင့်ပိုပြီးနီးကပ်စွာတည်ရှိရာ ကျွန်ုပ်တို့၏ အနက်နဲဆုံးအတွင်းစိတ်ခံယူချက်များမှ ဖြစ်ပေါ်လာသည်။

## ခရီးသွားခြင်း

ကျွန်ုပ်တို့သည် ဘဝခရီးကိုဖြတ်သန်းသည့်အခါ ခရီးသွားများလား သို့မဟုတ် ဘုရားဖူးများပါလား။ ကျွန်ုပ်တို့သည် အပြင်ပန်းကိုစောင့်ကြည့်ဖို့ရန်သာလော၊ သို့မဟုတ် ကျွန်ုပ်တို့ကို ရှေ့သို့လှမ်းရန် ဆွဲငင်သည့် အတွင်းစိတ်မှဆာမွတ်ခြင်းကြောင့် ခရီးနှင်ကြသလော။ ဘုရားဖူးသည် အဆုံးမှတ်ကို မမြင်ရသော်လည်း ဦးတည်ရာကို အလိုလိုအာရုံခံလျှက် ခြေလှမ်းတိုင်း၏ အဓိပ္ပါယ်ကိုရှာသည်။ သို့သော် ပန်းတိုင်မရှိသောလမ်းသည် ရည်ရွယ်ချက်မဲ့လှည့်ပတ်သွားခြင်းပင် ဖြစ်သွားနိုင်သည်။

ဤသို့ဖြစ်သောအခါ ယေရှုက "ငါသည် လမ်းခရီးဖြစ်၏၊ သမ္မာတရားဖြစ်၏။ အသက်လည်းဖြစ်၏" (ယောဟန် ၁၄:၆) ဟု မိန့်တော်မူခဲ့၏။ သူနှင့်အတူ ခရီးသွားခြင်းဟူသည် ဤအမှန်တရားသုံးပါးကို ဆုပ်ကိုင်ထားခြင်းဖြစ်သည်။ သခင်ယေဇူးသည် ကျွန်ုပ်တို့ လိုက်လျှောက်သော လမ်းစဉ်ဖြစ်သည်။ ကိုယ်တော်မိန့်တော်မူသည်များကို ကျွန်ုပ်တို့ ယုံကြည်နိုင်ပြီး ကိုယ်တော်သည် ကျွန်ုပ်တို့အား ထင်မှတ်မထားသည့် ပြည့်စုံမှုဆီသို့ ရောက်ရှိစေသည်။

သခင်ယေဇူးသည် သူ၏ခရီးမှ မည်သူကိုမျှ ချန်လှပ်မထားပေ။ ဘုရားသခင်နှင့်ပေါင်းစည်းခြင်းတွင် အမြစ်တွယ်လျှက် သူ့ထံလာသော ဖြောင့်မတ်သူ၊ မဖြောင့်မတ်သူအားလုံး နှင့်အတူ သူ၏ဘဝကို ဝေမျှခဲ့သည်။ လူ့အဖွဲ့အစည်းမှ အနိမ့်ကျဆုံးသူများ၊ ပစ်ပယ်ခံရသူများ၊ အပြစ်သားများ နှင့် မိမိလူမျိုးမှမဟုတ်သော သူတို့၌ပင် ဘုရားသခင်တည်ရှိခြင်းကို သူအသိအမှတ်ပြုခဲ့သည်။

နူးညံ့သိမ်မွေ့ပြီး စိတ်နှလုံးနှိမ့်ချသောယေဇူးသည် ဤတူညီသောလမ်းသို့ ကျွန်ုပ်တို့အား ဖိတ်ခေါ်သည်မဟုတ်လော။ ဤခရီးလမ်းတွင် အခြားသူများပေးစွမ်းနိုင်သည့်အရာကို ကြိုဆိုလက်ခံနိုင်ရန်အတွက် ရက်ရောစွာနှိမ့်ချခြင်းကိုရှာရန် ကျွန်ုပ်တို့အဆင်သင့်ဖြစ်ပါပြီလား။

အတူတကွသွားလာခြင်းသည် အသင်းတော်နှင့် လူ့အဖွဲ့အစည်း၏ အသက်ဖြစ်သည်။ သို့သော် လူတိုင်းလူတိုင်းသည် မိမိ၏ ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းနှင့်စိတ်ကူးများကို ထုတ်ဖော်ပြသနိုင်ဖို့

အခွင့်အခါလိုအပ်ပါသည်။ သို့သော် ၎င်းတို့အား အများသူငှါနှင့်ဝေမျှရန်၊ ကျွန်ုပ်တို့၏ဘဝကို အသင်းတော်၌ လူသားမိသားစု၌ အတူတကွတည်ဆောက်ရန် ပေးအပ်ထားခြင်းဖြစ်ပါသည်။ ဂစ်တာကြိုးများသည် ဘေးချင်းကပ်လျှက် ရှိနေသော်လည်း ၎င်းတို့အားအတူတူတီးခတ်သည့်အခါ လှပသောအသံဖြစ်လာပါသည်။

## အများနှင့်အတူ ရှိနေခြင်း

အခြားသူများနှင့် အတူရှိနေဖို့ရန် မလွယ်ပါ။ ကျွန်ုပ်တို့တစ်ယောက်စီတိုင်းတွင် ဒဏ်ရာများရှိကြပါသည်။ တခါတရံ တစ်ဦးကိုတစ်ဦး နာကျင်စေတတ်ပါသည်။

လူများနှင့်ရှိနေဖို့ဆိုသည်မှာ သူတို့ပြောသောအရာများကိုနားထောင်ခြင်းပင်ဖြစ်သည်။ သူတို့အား အချိန်နှင့်နေရာပေးမှသာလျှင် သူတို့၏ဖြစ်ရပ်ဇာတ်လမ်းများကို ပြောပြခွင့်ရနိုင်မည်ဖြစ်သည်။ နားထောင်ခြင်းဆိုသည်မှာ သူတို့အား ကွဲပြားခြားနားချက်များရှိသည့်အတိုင်းလက်ခံခြင်းဖြစ်သည်။ ကျွန်ုပ်တို့ သဘောထားကွဲလွဲနိုင်သည် သို့မဟုတ် ကွဲပြားသည့်လောကအမြင်ကိုပင် ဆုပ်ကိုင်ထားနိုင်သည်။ သို့သော် အံ့ဩစရာကောင်းသည်မှာ ကျွန်ုပ်တို့နားထောင်သည့်အခါ၊ သူတို့၏ ဖြစ်ရပ်ဇာတ်လမ်းများကို ပြောခွင့်ပေးသည့်အခါ ကျွန်ုပ်တို့၏တူညီသည့်လူသားဆန်မှုကို တွေ့လာရသည်ကများပါသည်။ ခြားနားချက်များက ကျွန်ုပ်တို့ထင်မှတ်ထားသလောက် မကြီးမားပါ။ မတူကွဲပြားမှုတွင် စည်းလုံးညီညွတ်မှုသည် အမှန်ပင်ဖြစ်နိုင်သည်။  သခင်ခရစ်တော်၏နောက်လိုက်ဖြစ်လိုလှသောကျွန်ုပ်တို့သည် ဘုရားသခင် နှင့် ခရစ်တော်နာမ၌ မျှော်လင့်ထားသည်ထက်ကျော်လွန်သည့် စည်းလုံးမှုရှိနေပြီးဖြစ်သည်ကို (ယော ၁၇း၂၁-၂၃) တွေ့ရှိရသောကြောင့် အံ့အားသင့်ရပေလိမ့်မည်။

အခြားသူများက မည်ကဲ့သို့နာကျင်ခဲ့ကြသည် သို့မဟုတ် ကျွန်ုပ်တို့သူတို့ကိုမည်သို့ နာကျင်စေခဲ့သည်ကို ပြောပြသောအခါ ကျွန်ုပ်တို့နှလုံးသွင်းဝံ့မည်လော။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုခုခံကာကွယ်သည့် နည်းလမ်းများပေါ်သို့ အလွယ်တကူကျရောက်သွားနိုင်ပါသည်။ ပြီးလျှင် နားမထောင်တော့ဘဲ မိမိကိုယ်ကို သို့မဟုတ် မိမိ၏ အမြင်ကို ကာကွယ်ရန် ကြိုးစားကြပါသည်။ သနားကြင်နာစိတ်ဆိုသည်မှာ အခြားသူများ၏ ဒုက္ခကိုမျှဝေခံစားရန် အဆင်သင့်ဖြစ်နေခြင်းမဟုတ်ပါလား။ တခါတရံတွင် နာကျင်မှုကိုအတူတကွခံစားခြင်းသည် ထိုနာကျင်မှုကိုပျောက်မသွားစေနိုင်ခဲ့လျှင်ပင် ကျွန်ုပ်တို့အတူတကွရှိနေရန်လမ်းစဖွင့်ပေးနိုင်ပါသည်။

တခါတရံ ကျွန်ုပ်တို့သည် နောက်ပြန်ခြေလှမ်းကိုလှမ်းရန် လက်ခံဖို့လိုပါသည်။ ထိုအခိုက်အတန့်များတွင် သန့်ရှင်းသောဝိညာဉ်တော်ထံ မိမိကိုယ်ကိုအပ်နှံပြီး ကျွန်ုပ်တို့လိုအပ်သည်များကိုသွန်သင်ပေးရန် ဝိညာဉ်တော်ထံတောင်းလျှောက်ပါ။ ဆိုလိုသည်မှာ မိမိတို့၏ စိတ်ကူးစံနှုန်းများကို မပြဌာန်းလိုသည့် နှိမ့်ချခြင်းမျိုးရှိရန်နှင့် တခြားသူများကျွန်ုပ်တို့ရှေ့တွင် ချပြလာသည့်အရာများကို လက်ခံကြိုဆိုခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် မျှော်လင့်ချက်ကိုမည်သည့်အခါမှ စွန့်လွှတ်ရန် မလိုအပ်ပါ။ သခင်ယေရှုးကို ပြင်းပြင်းထန်ထန်ဆန့်ကျင်ခဲ့သည့် တမန်တော်ပေါလုသည် သခင်ယေရှုး၏ အဆုံးမရှိသောချစ်ခြင်းမေတ္တာကို လုံးလုံးလျားလျားခံစားခဲ့ပြီးနောက် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့နှလုံးသားများသို့သွန်းလောင်းပေးတော်မူကြောင်းကို အာမခံခဲ့ပါသည် (ရောမ ၅း၅)။ ထိုသိမ်မွေ့သည့်တည်ရှိနေခြင်းကို မခံစားမိသည့်အချိန်၌ပင် ကျွန်ုပ်တို့ယုံကြည်နိုင်ပါသည်။ သို့ဖြစ်လျှင် ကျိုးပဲ့လွယ်သည့်ယုံကြည်ခြင်းသည် အသစ်တစ်ဖန်ပြန်လည်နိုးထလာနိုင်ပြီး ဘုရားသခင် နှင့် လူတို့နှင့်အတူ ခြေလှမ်းသစ်တစ်ခုထပ်တက်နိုင်မည့် လုံလောက်သည့်အလင်းရောင်ကို ပေးမည် မဟုတ်ပါလား။

## ဘုရားနှင့်အတူ ဆက်ရှိနေခြင်း၊ အခြားသူများနှင့်အတူ ဆက်ရှိနေခြင်း

ဆက်ဆံရေးတိုးတက်လာစေရန် နားထောင်ခြင်းသည်အချိန်ယူသကဲ့သို့ ခရီးသည် တစ်သက်တာပင် အချိန်ယူနိုင်သည်။ ထို့ကြောင့် စိတ်ရှည်ခြင်း၊ ကြံ့ကြံ့ခံခြင်း နှင့် ဆက်လက်သစ္စာတည်နေခြင်းတို့ အရေးပါလာကြခြင်း ဖြစ်နိုင်သည်။ အခြားသူများနှင့်အတူ ခရီးဆက်ခြင်း၊ ဘုရားသခင်နှင့်အတူ ခရီးဆက်ခြင်း - ကျွန်ုပ်တို့အများစုအတွက် ထိုအမှန်တရားနှစ်ခုမှာ ခွဲခြားမရပေ။ ထိုနှစ်ခုလုံးကို ကျွန်ုပ်တို့လိုအပ်ပါသည်။

စပျစ်နွယ်ပင်မှပေါက်သော အကိုင်းအခက်များကဲ့သို့ပင် သခင်ယေရှုးသည် ကျွန်ုပ်တို့နှင့်အတူတည်ရှိနေသကဲ့သို့ သူနှင့်အတူတည်ရှိနေရန် ကျွန်ုပ်တို့ကိုဖိတ်ခေါ်ပါသည်။ (ယောဟန် ၁၅ ကိုကြည့်ပါ။) ဆက်လက်တည်ရှိနေခြင်းဆိုသည်မှာ အချိန်နှင့်အမျှတည်မြဲလျှက်ရှိခြင်းကို ဆိုလိုပါသည်။ ကျွန်ုပ်တို့ထံ ဤသို့တောင်းဆိုသည်မှာ အခိုက်အတန့်တစ်ခုမျှသာမဟုတ်ဘဲ ကျွန်ုပ်တို့ဘဝတစ်ခုလုံး ဘုရားသခင်၌ တည်ရှိနေရန်ဖြစ်သည်။ ထိုသို့တည်ရှိနေမှသာလျှင် ကျွန်ုပ်တို့သည်ဆက်လက်ကြီးထွားကာ အသီးသီးနိုင်မည်ဖြစ်သည်။

ထိုအသီးကား ဘာအသီးနည်း။ သခင်ယေဇူးက “ငါသည်သင်တို့ကိုချစ်သကဲ့သို့ အချင်းချင်းချစ်ကြလော့။ ချစ်သောသူတို့အတွက် အသက်ကိုပေးလှူခြင်းထက် သာ၍ကြီးမြတ်သောချစ်ခြင်းမေတ္တာမရှိ။” ဤလမ်းစဉ်ကိုလျှောက်လှမ်းခြင်း၏အဓိပ္ပါယ်မှာ သခင်ယေဇူး၏နောက်တော်သို့လိုက်ရန် အရာအားလုံးကိုစွန့်စားခြင်းဖြစ်ပြီး ထိုသို့ပြုခြင်းဖြင့် လွတ်လပ်မှု၌ အဆုံးတိုင်မေတ္တာထားနိုင်ပါသည်။ သမ္မာကျမ်းစာမှ ချစ်ခြင်းမေတ္တာသည် သာမာန်ချစ်ခြင်းမျိုးမဟုတ်ဘဲ မိမိသည် တခြားသူများအတွက် လက်ဆောင်ဖြစ်သည်ဟူသည့် ချစ်ခြင်းမေတ္တာမျိုးဖြစ်သည်။ ၎င်းမှာ ကျွန်ုပ်တို့၏ဘဝခရီးဖြစ်ပြီး ထိုခရီးအားဖြင့် ကျွန်ုပ်တို့သည် ကျွန်အဖြစ်မှ ခရစ်တော်၏ မိတ်ဆွေသူငယ်ချင်းအဖြစ် ပြောင်းလဲလာစေသည်။

ဘဝကို အပြည့်အဝနေထိုင်ခြင်းဖြင့် အသီးအပွင့်များဝေဆာနိုင်သည်။ အကိုင်းအခက်များသည် စပျစ်နွယ်ပင်မှအသက်ကိုရသကဲ့သို့ ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိနေသောအခါ၊ ခရစ်တော်၏ဘဝဖြင့် နေထိုင်သောအခါတွင် သဘာဝအတိုင်းကြီးထွားလာသည်။ ကျွန်ုပ်တို့သည် ဇေဝဂေလိတရား၏ စိန်ခေါ်မှုကို လက်ခံသောအခါ ပြည့်ဝစုံလင်သော ဝမ်းမြောက်ခြင်းကို ခံစားရရှိကြသည်။ ထိုအရာအတွက် ကျွန်ုပ်တို့အဆင်သင့်ဖြစ်ကြပြီလား။

## မျက်မှောက်ခေတ်တွင် အတူတကွခရီးသွားခြင်း

အထက်တွင်ပြောခဲ့သလိုပင် ယနေ့ခေတ်၏ စိန်ခေါ်မှုများနှင့် ကျွန်ုပ်တို့၏ချို့ယွင်းမှုများကြောင့် လူတချို့မှာ အခါအားလျော်စွာ အိုးမဲ့အိမ်မဲ့ခံစားရသည်။ ဒဏ်ရာရနေသောလူသားမိသားစုအပါအဝင် ဖြစ်သည့် အနာတရဖြစ်နေသောဘုရားသခင်၏ဖန်ဆင်းခြင်းကို ကျွန်ုပ်တို့တွေ့မြင်နေရသည်။ ဆင်းရဲဒုက္ခသည် ခေါင်းပုံဖြတ်ခံရသူ နှင့် အနှိမ်ခံရသည့်သူများ၏ မျိုးဆက်များစွာဆီသို့ လက်ဆင့်ကမ်းသွားနိုင်သည်။ ပဋိပက္ခနှင့်စစ်ပွဲကြောင့် ပြိုကွဲပျက်စီးသွားသော မိသားစုများကို ကျွန်ုပ်တို့သိကြပါသည်။ အသင်းတော် နှင့် Taizé အသိုက်အဝန်းထဲမှ ခရစ်တော်၏နာမတော်ကို ဖွင့်ဟဝန်ခံသည့်သူများကြောင့်ပင် ဘဝပျက်ခဲ့ရသူများရှိကြောင်းကိုလည်း ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။

ထိုစိန်ခေါ်မှုများကိုအတူတူရင်ဆိုင်ဖို့ရန် ဖိတ်ကြားချက်မရှိဘူးလား။ အာဖရိကစကားပုံတစ်ခုမှာ ခရီးရှည်တစ်ခုကို တိုသည် ဟုထင်စေနိုင်သည့်အရာမှာ အတူတကွလျှောက်လှမ်းသည့်အချိန်ဖြစ်သည်။ Serengeti နှင့် Masai Mara အကြားရှိ တောရိုင်းတိရိစ္ဆာန်များ၏ "မဟာရွှေ့ပြောင်းနေထိုင်ခြင်း" တွင်

နွားငယ်များသည် မြစ်ကိုဖြတ်ကူးရန်၊ မြစ်ကမ်းကိုတိုင်းတာရန် အရွယ်ရောက်ပြီးသူများ၏ ခွန်အားကို အားကိုးရသည်။ ထိုနည်းတူ ကျွန်ုပ်တို့သည်လည်း အကူအညီရယူရမည့်အချိန်အခါများရှိသည်။ သို့မဟုတ် အကူအညီကိုလက်ခံရန် သင်ယူဖို့အချိန်အခါများ ရှိပါသည်။

ထိုကဲ့သို့စိန်ခေါ်မှုများကိုရင်ဆိုင်ရချိန်တွင် အလှတရား နှင့် ထူးကဲသာလွန်မှုတို့ကို ကြုံတွေ့ရနိုင်သည်။ ၎င်းအတွေ့အကြုံတို့က ကျွန်ုပ်တို့အား ရုန်းထွက်နိုင်စေမည့်မီးပွားစကိုရှာဖွေတွေ့ရှိစေပြီး သစ်လွင်သောတက်ကြွမှုဖြင့် ခရီးကိုစတင်စေနိုင်ပါသည်။

သခင်ယေရှုးရှင်ပြန်ထမြောက်သောနေ့တွင် သူ၏မိတ်ဆွေနှစ်ဦးက သူအသတ်ခံခဲ့ရသည့် ဂျေရုစလင်မြို့ကို ကျောခိုင်းသွားကြသည် (လုကာ ၂၄း၁၃-၃၅)။ သို့သော် ထိုသူနှစ်ဦးလမ်းလျှောက်သွားနေချိန်တွင် သူစိမ်းတစ်ဦးလိုက်လာခဲ့သည်။ ထိုသူစိမ်းက သူတို့နှင့်အတူစားပွဲတွင်ထိုင်သောအခါ သူတို့ကြုံတွေ့နေရသည်မှာ သခင်ယေရှုးဖြစ်ကြောင်းကို သူတို့နားလည်ခဲ့သည်။ သူစိမ်းများသည် သခင်ယေရှုးရှိနေခြင်းကို ပိုင်းခြားသိမြင်ရန်ကူညီပေးနိုင်ပြီး သူသည်ကျွန်ုပ်တို့နှင့်အတူ အမြဲရှိနေကြောင်း ကို ထပ်မံယုံကြည်လက်ခံစေသည်။

"မကြောက်ကြနှင့်။ ငါသည် နောက်ဆုံးသောနေ့ရက်တိုင်အောင် သင်တို့နှင့်အတူရှိ၏။" ဟု ကျွန်ုပ်တို့၏ နှလုံးသားထဲတွင် တီးတိုးစွာ မြွက်ဆိုသည် (မဿဲ ၂၈:၂၀)။ ထိုကတိစကားကို ကျွန်ုပ်တို့နားထောင်မည်လား။

မုန့်ညက်၌ရောသော တဆေးကဲ့သို့ ပင် (မဿဲ ၁၃း၃၃) ယုတ်ညံ့ပြီး သိမ်ငယ်စိတ်ခံစားနေရလျှင်ပင် ကျွန်ုပ်တို့သည် တစ်ဦးတည်းမဟုတ်ဘဲ အခြားသူများနှင့်အတူခရီးသွားရင်းအပြန်အလှန်ကြွယ်ဝပြည့်စုံစေရန် ပြန်လည်ခရီးဆက်ဖို့ရန် ရဲဝံ့ကြပါမည်လား။